
ကျွန်းလှမြို့နယ် အခြေပြမြေပုံ
N
ကျွန်းလှမြို့နယ်
စစ်ကိုင်းတိုင်း
မြေပုံညွှန်းချက်များ
မြို့
ကျေးရွာအုပ်စု
မြစ်ချောင်းများ
ကျေးရွာ

# ကျွန်းလှမြို့နယ်ဒေသဆိုင်ရာအချက်အလက်များ
# အခန်း(၁)
# နိဒါန်းနှင့်ဒေသသမိုင်း

## နိဒါန်း

၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနအောက်ရှိဌာနဖြစ်ပြီး တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်း သာယာရေး၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများအကောင်အထည်ဖော်ရေး၊ ကောင်းမွန် သောအုပ်ချုပ်ရေးစနစ်ဖော်ဆောင်ရေးနှင့် ပြည်သူဗဟိုပြုဒေသဖွံ့ဖြိုးရေး လုပ်ငန်း များ ဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်များကိုအောင်မြင် အောင် ဆောင်ရွက်လျက်ရှိပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန် ထမ်းဆောင်ကြသည့် အဆင့်ဆင့်သော အရာထမ်း၊ အမှုထမ်းများသည် ရုံးချုပ် အဆင့်မှအောက်ခြေ ရပ်ကွက်/ ကျေးရွာ အုပ်စုအဆင့်အထိ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်ကြရပြီး နိုင်ငံ တော်အုပ်ချုပ်ရေး ယန္တရားချောမွေ့စွာလည်ပတ်ရေးတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာန၏ရည်မှန်းချက် တာဝန်များ၊အခြားဝန်ကြီးဌာနမှ ပေးအပ်သော တာဝန်များနှင့် ဒေသန္တရအစိုးရအဖွဲ့များမှ ပေးအပ်သော လုပ်ငန်းတာဝန် များကို ကျေပွန်စွာ ထမ်းဆောင်နေကြရသည်ဖြစ်ရာ ဒေသဆိုင်ရာအချက် အလက်များပြုစုထားရှိခြင်းသည် များစွာအရေးပါလာပါသည်။ ဒေသဆိုင်ရာအချက် အလက်များပြုစုခြင်းဖြင့် မိမိတို့၏လုပ်ငန်း ဆောင်ရွက်ရာတွင် အထောက် အကူပြုသကဲ့သို့အကြီးအကဲများ နယ်မြေသို့ ကွင်းဆင်းရာတွင်နယ်မြေ၏ အချက်အလက်များ ကိုလွယ်ကူစွာ သိရှိနိုင်မည်ဖြစ်ပါသည်။ ဤစာအုပ် သည် ကျွန်းလှမြို့နယ်၏ဒေသဆိုင်ရာ အချက်အလက်များ( ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလကုန်ထိ အခြေအနေ) ကို သက်ဆိုင်ရာဌာနအသီးသီးမှပေးပို့သော ကိန်းဂဏန်းများနှင့်အညီ ပြုစုတင်ပြထားခြင်းဖြစ်ပါသည်။

## ဒေသသမိုင်းအကျဉ်း

၂။ ကျွန်းလှမြို့နယ်သည်သဖန်းဆိပ်ဆည်တည်ဆောက်မှုကြောင့်ပြောင်းရွှေ့ခဲ့ရသော မြို့တစ်မြို့ဖြစ်ပါသည်။ ယခင်မြို့ဟောင်းသမိုင်းစာတမ်းများ၊ ရှာဖွေတွေ့ရှိသမျှ ရှေးဟောင်းမှတ်တမ်းများ၏ မှီငြမ်းချက်အရ ကျွန်းလှမြို့နယ်သည် ညောင်ရမ်းမင်းတစ်ရား(၉၅၉-၉၆၇)လက်ထက်မတိုင်မီက မိုးညှင်း၊ မိုးကောင်းစော်ဘွားများ၏ လက်အောက်ခံသာဖြစ်ခဲ့ပြီး နယ်မြေမှ ထွက်ရှိသည့် ရွှေများကို စော်ဘွားများထံ ဆက်သကြရသည်။ တစ်ရံတစ်ခါ မြန်မာမင်းများသည် နယ်မြေသို့ ဝင်ရောက်တိုက်ခိုက်ပြီး ရှမ်းမြန်မာအာဏာလုရာနယ်မြေဖြစ်ခဲ့ခြင်း၊ သက္ကရာဇ်(၇၂၅)ခုနှစ်တွင် မင်းနေပြည်ဖြစ်ခဲ့သည့် မြေတူးမြို့ကို မော်တုံ၊ မော်ကယ်စားရှမ်းတို့ထိပါးသဖြင့် ဘုရင်မင်းခေါင်၏သား အိမ်ရှေ့စံမင်းရဲကျော်စွာသည် မြေတူးမြို့သို့ ချီတက်သိမ်းပိုက်ခဲ့ကြောင်း မှန်နန်းရာဇဝင်တွင် တွေ့ရှိခြင်း၊ ညောင်ရမ်းမင်းတစ်ရားလက်ထက်တွင် ကျွန်းလှမြို့နယ်သည် မြန်မာမင်းများ၏ အုပ်ချုပ်မှုအောက်သို့ လုံးဝရောက်ရှိခဲ့ပြီး ရွှေခွန်တော်ကိုလည်း မြန်မာမင်းများထံ ဆက်သရပါသည်။ ရွှေအစုဝင်ရွာ(၂၀)အနက် ကျွန်းလှဒေသမှ ရွှေအစုဝင် ရွာများဖြစ်သော အင်တိုင်း(၅)ရွာ၊ ကျွန်းလှရွာနှင့် မက်တောင်ရွာတို့မှ မှတ်တမ်းများအရ ထင်ရှားသော ရွှေအစုဝင်များဖြစ်ခြင်း၊ ဤဒေသမှ ရွှေအလည်ကျောင်းသည် သမိုင်းတွင် ထင်ရှားခဲ့ပြီး ရွှေဆက်သရသည့် မြို့စားရွာစားများကို ရွှေမှူးဟုလည်းကောင်း အမည်ရှေ့တွင် "သုဝဏ္ဏ" ဟူသော ဘွဲ့များ ချီးမြှင့်ခဲ့ကြောင်း လေ့လာသိရှိရခြင်း၊ မော်တုံ၊ မော်ကယ်သည် ကျွန်းလှမြို့၏ ရှေးအကျဆုံးမြို့နယ်ဖြစ်ပြီး မိုးကောင်း၊ မိုးညှင်းမှ ခွဲထွက်လာသည့် ရှမ်းရွာများဖြစ်ခြင်း၊ မြန်မာသက္ကရာဇ်(၁၂၄၇)ခုနှစ် သီပေါမင်းနန်းကျချိန်အထိ မြို့စားရွာစားများ အဆက်မပြတ်ကြီးမှူးခဲ့ပြီး နောက်ဆုံးမြို့စားမှာ ဦးကြွင်း၏သား ဦးလှိုင် ဖြစ်ပါသည်။ နယ်ချဲ့အစိုးရလက်ထက်တွင် ရှေးဦးစွာ အင်တိုင်းရွာကို မြို့နယ်ရုံးစိုက်၍ အုပ်ချုပ်ခဲ့ပြီး အင်တိုင်းရွာ၏ ပထမဆုံးမြို့အုပ်မှာ အနော်ရထာသီရိကျော်စွာဘွဲ့ခံ ဦးဘိုးချုပ်ဖြစ်ပါသည်။မြန်မာသက္ကရာဇ် ၁၂၆၉ ခုနှစ်တွင် ကျွန်းလှမြို့သို့ ပြောင်းရွှေ့ခဲ့ပါသည်။

# အခန်း(၂)
# ပထဝီဝင်အနေအထား

## တည်နေရာနှင့်အကျယ်အဝန်း

၃။ ကျွန်းလှမြို့နယ်သည် မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၁၅ မိနစ် ၀၀ စက္ကန့်နှင့် ၂၃ ဒီဂရီ ၅၂ မိနစ် ၀၀ စက္ကန့်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၀ မိနစ် ၀၀ စက္ကန့်နှင့် ၉၅ ဒီဂရီ ၄၂ မိနစ် ၀၀ စက္ကန့်အကြားတွင် တည်ရှိပါသည်။ အရှေ့မှအနောက်သို့ (၄၀)မိုင်နှင့် တောင်မှမြောက်သို့ (၄၁)မိုင် ရှည်လျားပါသည်။ ကျွန်းလှမြို့နယ်နှင့် မြို့တို့၏ ဧရိယာ စတုရန်းမိုင်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့<br>အမည် | မြို့ဧရိယာ<br>စတုရန်းမိုင် | ကျေးရွာအုပ်စု<br>ဧရိယာ<br>စတုရန်းမိုင် | မြို့နယ်<br>ဧရိယာ<br>စတုရန်းမိုင် |
|---|---|---|---|---|
| ၁ | ကျွန်းလှ | ၂၂၃၅ ဧက<br>(၃.၄၉၂)<br>စတုရန်းမိုင် | ၆၅၇၅၈၇ ဧက<br>(၁၀၂၇.၄၈၀)<br>စတုရန်းမိုင် | ၆၅၉၈၂၂ ဧက<br>(၁၀၃၀.၉၇၂)<br>စတုရန်းမိုင် |

## နယ်နိမိတ်

၄။ ကျွန်းလှမြို့နယ်၏ အရှေ့ဘက်တွင်ကန့်ဘလူ၊ ကောလင်းမြို့နယ် တို့နှင့်နယ်နိမိတ်ထိစပ်လျက်ရှိပြီး တောင်ဘက်တွင် တန့်ဆည်မြို့နယ်၊ ကန့်ဘလူမြို့နယ်တို့နှင့် ထိစပ်လျက်ရှိပါသည်။ အနောက်ဘက်တွင် ဖောင်းပြင်မြို့နယ်တို့နှင့် ထိစပ်လျက်ရှိပြီး မြောက်ဘက်တွင် ပင်လည်ဘူး မြို့နယ်တို့နှင့်နယ်နိမိတ်ထိစပ်လျက်ရှိပါသည်။

## မြေမျက်နှာသွင်ပြင်

၅။ ကျွန်းလှမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်(၅၀၀) ပေ အထက်တွင် တည်ရှိပြီး ယေဘုယျအားဖြင့် တောတောင် ထူထပ်သော မြို့နယ်ဖြစ်ပါသည်။ မြို့၏အနောက်ဘက်တွင် တည်ရှိသော အလယ်ရိုးမ

တောင်တန်းကြီး၏ တစ်စိတ်တစ်ဒေသဖြစ်သည့် ဇီးဖြူ တောင်တန်းသည် အမြင့်ဆုံးပေ(၂၃၉၄)နှင့်အနိမ့်ဆုံးပေ(၁၅၀၀)ရှိပြီးကျန်ဒေသများမှာမြေပြန့် လွင်ပြင်များဖြစ်သည်။ မြို့၏အနောက်ဘက်တွင် ဧရိယာဧက(၁၀၆၂၀၀) ရှိသည့် သဖန်းဆိပ်ရေလှောင်တမံကြီး တည်ရှိပါသည်။

## ရေဆင်း

၆။ ကျွန်းလှမြို့နယ်သည် အနောက်မှအရှေ့သို့ တဖြည်းဖြည်းနိမ့်ဆင်း သွားပြီး ချောင်းငယ်မြောင်းငယ်များသည် မူးမြစ် (သဖန်းဆိပ်ရေလှောင် တမံ)အတွင်းသို့ စီးဝင်ကြပါသည်။ ထိုချောင်းများမှာ -

(က) နန့်ဘရန်းချောင်း

( ခ) စရိတ်သာချောင်း

( ဂ) မိုင်းဂန်းချောင်း

(ဃ) မော်ကယ်ချောင်း

( င) ဖက်ဆွတ်ချောင်း

( စ) ဖုံမွှာချောင်း

(ဆ) ခေါးထိုးချောင်း

( ဇ) ဆားတွင်းချောင်း

(ဈ) ပြောင်သွယ်ချောင်း

(ည) တိုင်ပျောက်ချောင်း

( ဋ) ကဗျင်းချောင်း မြစ်ချောင်းများဖြစ်ပြီး အများစုမှာရေချိုများ ဖြစ်ပြီး စိုက်ပျိုးရေ၊ သောက်သုံးရေစသည်ဖြင့် အသုံးပြုနိုင်ပါသည်။

## ပင်လယ်ရေမျက်နှာပြင်အမြင့်

၇။ ကျွန်းလှမြို့နယ်သည်ပင်လယ်ရေမျက်နှာပြင်အထက်ပျှမ်းမျှ အမြင့်(၅၀၀)ပေ အထက်တွင် တည်ရှိပါသည်။

# အခန်း(၃)
# ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်

## ရာသီဥတု

၈။ ကျွန်းလှမြို့နယ်သည် ပူအိုက်စွတ်စိုသောရာသီဥတုရှိပြီး အမြင့်ဆုံး အပူချိန် ၄၃ဒီဂရီ စင်တီဂရိတ်နှင့် ၁၈ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော မိုးရေချိန်နှင့်အပူချိန်မှာ အောက်ဖော်ပြပါ အတိုင်းဖြစ်ပါသည်-

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | |
|---|---|---|---|---|---|
| | | မိုးရွာရက် | စုစုပေါင်း မိုးရေချိန် (လက်မ) | နွေရာသီ (.C) အမြင့်ဆုံး | ဆောင်းရာသီ (.C) အနိမ့်ဆုံး |
| ၁ | ၂၀၁၇ | ၇၀ | ၄၈.၃၉ | ၄၀ | ၁၀ |
| ၂ | ၂၀၁၈ | ၇၉ | ၄၀.၀၄ | ၄၀ | ၁၀.၅ |
| ၃ | ၂၀၁၉ | ၆၄ | ၃၃.၀၉ | ၄၂ | ၁၆ |
| ၄ | ၂၀၂၀ | ၆၂ | ၂၆.၅၅ | ၃၇ | ၁၈ |

## သဘာဝပေါက်ပင်များ

၉။ ကျွန်းလှမြို့နယ်၏ မုတ်သုန်သစ်တောတွင် ပေါက်ရောက်သည့် အပင်များမှာ ကျွန်း၊ ကျွန်းကောက်နွယ်၊ သစ်ရာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ထောက်ရှာ၊ ထောက်ကြံ့၊ ပေါက်၊ နှော၊ ယင်းမာ၊ သစ်ဝံ၊ သစ်ဆေး၊ ဖန်းခါး၊ သစ်ဆိမ့်၊ သပြေ၊ သစ်ဖြူ၊ လွန်ပို၊ ဇီးဖြူ၊ တယ်၊ ရုန်း၊ ခူသံ၊ ယမနေ၊ ချင်ယုတ်၊ ကုက္ကို၊ သန်းပင်များ ပေါက်ရောက်ပါသည်။ ပေါက်ရောက်သည့်ဝါးများမှာ မြင်ဝါး၊ သိုက်ဝါး၊ ကြက်သောင်းဝါး၊ သနပ်ဝါး၊ ထီးရိုးဝါး၊ ဝါးနီဝါးတို့ ဖြစ်ကြပါသည်။

**တောရိုင်းတိရစ္ဆာန်များ**

၁၀။(က) **တောရိုင်းတိရစ္ဆာန်များ။** သမင်၊ ဒရယ်၊ ဂျီ၊ စိုင်၊ ဆတ်၊ ပြောင်၊ တောခွေး၊ ခွေးအ၊ ခွေးတူဝက်တူ

( ခ) **တွားသွားသတ္တဝါများ။** ဖွတ်၊ ပုတက်၊ ကင်းလိပ်၊ ပုတ်သင်ညို၊ လိပ်၊ မြွေ(မြွေပွေး၊ မြွေဟောက်၊ လင်းမြွေ၊ ငန်းတော်ကြား၊ စပါးကြီး၊ စပါးအုန်း၊ ငန်းစောင်း၊ ငန်းပုတ်၊ မြွေစိမ်း၊ မြက်ရှော၊ ရေမြွေ)

( ဂ) **ငှက်များ။** တောကြက်၊ ခါ၊ ဂျိုး၊ ဆက်ရက်၊ ငုံး၊ သာလိကာ၊ကျီး၊ ဗျိုင်း၊ ရစ်၊ ဥဒေါင်း၊ ဇီးကွက်၊ ဗီးတောင်ဘို့ ငှက်ခါး ၊ ငှက်ဝါ၊ ယောက်၊ ခွေးခေါ်၊ စွန်၊ ခင်ပုတ်၊ ရေဘဲ၊ ရေကြက်၊ ဟသ်ာ၊ စနိုက်၊ မိန်၊ သပိတ်လွယ်၊ ပြွတ်၊ ဒီးဒုတ်၊ နှံပြည်စုတ်၊ ဥသြ

(ဃ) **ရေသတ္တဝါများ။** ငါးကြင်း၊ ငါးတန်၊ ငါးရွှေ၊ ငါးထွေ၊ငါးရံ့၊ ငါးခူ၊ ငါးဘတ်၊ ငါးဖယ်၊ ငါးမြွေ

( င) **အင်းဆက်ပိုးမွှားများ။** လိပ်ပြာ၊ ပျား၊ ပိတုံး၊ ဖြုတ်၊ ခြင် ၊ ချ၊ ပုရွက်ဆိတ်၊ ခါချဉ်၊ မှတ်၊ ပုဇင်းရင်ကွဲ၊ ပိုးမဲကောင်၊ ဆင်ချေးထိုးပိုး၊ ပဆုပ်ပနီ၊ နဂျီ

**သဘာဝပတ်ဝန်းကျင်လက်ရှိအခြေအနေ**

၁၁။ ကျွန်းလှမြို့နယ်၏ သဘာဝပတ်ဝန်းကျင်အခြေအနမှာ သစ်တောဖုံးလွှမ်းမှု(၆၇.၀၄)ရာခိုင်နှုန်းရှိပါသည်။ ၎င်းအနက်မှ ကြိုးဝိုင်းသစ်တောဖုံးလွှမ်းမှု မှာ(၄၂.၀၃)ရာခိုင်နှုန်းဖြစ်ပြီး၊ ကြိုးပြင်ကာကွယ်တော ဖုံးလွှမ်းမှုမှာ (၁၈.၉၃)ရာခိုင်နှုန်းရှိပါသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

၁၂။ ကျွန်းလှမြို့နယ်သည်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအတွက် ကြိုးဝိုင်းတော(၂၇၇၃၁၂)ဧက၊ ကြိုးပြင်တော(၁၂၄၉၁၂)ဧကထိန်းသိမ်းလျှက်ရှိပါသည်။ သစ်တောစိုက်ခင်းတည်ထောင်နိုင်မှုမှာ နိုင်ငံပိုင်ကျွန်းစိုက်ခင်း(၇၀၀)ဧက ဖြစ်ပါသည်။

**သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မှု**

၁၃။ ကျွန်းလှမြို့နယ်သည် အပူပိုင်းအတွင်းတွင်တည်ရှိသဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်လေ့ရှိပါသည်။ မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်မှုမှာ ၂၀၁၉-၂၀၂၀ လေဘေးဖြစ်ပေါ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | အမျိုးအစား | ဖြစ်ပွါးကြိမ် | သေ/ပျောက်ဦးရေ | အဆောက်အဦးပျက်စီးမှု | ဆုံးရှုံးမှုတန်ဖိုး(ကျပ်သန်း) |
|---|---|---|---|---|---|
| ၁ | **မုန်တိုင်းဘေး** | ၁ | - | ၁ | ၀.၂၁၆ |
| ၂ | **ဆူနာမီဘေး** | - | - | - | - |
| ၃ | **လျှော်ဘေး** | - | - | - | - |
| ၄ | **ရေဘေး** | - | - | - | - |
| ၅ | **မီးဘေး** | - | - | - | - |
| **ပေါင်း** | | **၁** | - | **၁** | ၀.၂၁၆ |

# အခန်း(၄)

## လူဦးရေဆိုင်ရာအချက်အလက်များ

### နေထိုင်သည့်တိုင်းရင်းသားလူမျိုးစုများ

၁၄။ ကျွန်းလှမြို့နယ်တွင် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | လူမျိုး | နေထိုင်သည့် လူဦးရေ | မြို့နယ်လူဦးရေ | မြို့နယ်လူဦးရေ၏ ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ကချင် | ၁၂ | ၁၀၃၅၈၁ | ၀.၀၁၂ |
| ၂ | ကယား | ၂ | ၁၀၃၅၈၁ | ၀.၀၀၂ |
| ၃ | ကရင် | - | ၁၀၃၅၈၁ | - |
| ၄ | ချင်း | ၂၀ | ၁၀၃၅၈၁ | ၀.၀၁၉ |
| ၅ | မွန် | - | ၁၀၃၅၈၁ | - |
| ၆ | ဗမာ | ၁၀၃၅၁၈ | ၁၀၃၅၈၁ | ၀.၉၉၉ |
| ၇ | ရခိုင် | ၁၀ | ၁၀၃၅၈၁ | ၀.၀၀၉ |
| ၈ | ရှမ်း | ၁၅ | ၁၀၃၅၈၁ | ၀.၀၀၁၄ |
| ၉ | ပအိုဝ်း | - | ၁၀၃၅၈၁ | - |
| ၁၀ | ဓနု | - | ၁၀၃၅၈၁ | - |
| ၁၁ | တောင်ရိုး | - | ၁၀၃၅၈၁ | - |
| ၁၂ | ပလောင် | - | ၁၀၃၅၈၁ | - |
| ၁၃ | စသည့် | - | ၁၀၃၅၈၁ | - |
| ၁၄ | အခြား | ၄ | ၁၀၃၅၈၁ | ၀.၀၀၄ |
| | **မြို့နယ်ချုပ်** | **၁၀၃၅၈၁** | **၁၀၃၅၈၁** | **၁၀၀** |

## အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ

၁၅။ ကျွန်းလှမြို့နယ်၏၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကုန်အထိ လူဦးရေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **အိမ်ခြေ/အိမ်ထောင်စု**

| စဉ် | အကြောင်းအရာ | အိမ်ခြေ | အိမ်ထောင်စု | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|---|
| ၁ | မြို့နေ | ၂၆၈၉ | ၂၆၇၅ | ၄ | - | - |
| ၂ | ကျေးလက်နေ | ၁၇၉၇၄ | ၁၇၅၆၈ | - | ၃၄ | ၁၁၄ |
| | **မြို့နယ်ချုပ်** | **၂၀၆၆၃** | **၂၀၂၄၃** | **၄** | **၃၄** | **၁၁၄** |

(ခ) **လူဦးရေ**

| စဉ် | အကြောင်းအရာ | အသက်(၁၈) နှစ်အထက် | | | အသက်(၁၈) နှစ်အောက် | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | မြို့နေ | ၄၅၄၄ | ၅၂၂၂ | ၉၇၆၆ | ၁၅၁၄ | ၁၅၉၆ | ၃၁၁၀ | ၆၀၅၈ | ၆၈၁၈ | ၁၂၈၇၆ |
| ၂ | ကျေးလက်နေ | ၂၉၂၄၃ | ၃၁၅၀၄ | ၆၀၇၄၇ | ၁၄၉၀၆ | ၁၅၀၅၂ | ၂၉၉၅၈ | ၄၄၁၄၉ | ၄၆၅၅၆ | ၉၀၇၀၅ |
| | မြို့နယ်ချုပ် | ၃၃၇၈၇ | ၃၆၇၂၆ | ၇၀၅၁၃ | ၁၆၄၂၀ | ၁၆၆၄၈ | ၃၃၀၆၈ | ၅၀၂၀၇ | ၅၃၃၇၄ | ၁၀၃၅၈၁ |

## လူဦးရေတိုးနှုန်းနှင့်ကျားမအချိုး

၁၆။ ကျွန်းလှမြို့နယ်၏ ၂၀၂၀ပြည့်နှစ် လူဦးရေတိုးနှုန်းကျား၊ မ အချိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လူဦးရေတိုးနှုန်းနှင့်ကျားမအချိုး

| စဉ် | မြို့နယ် / မြို့ | ယခင်နှစ် လူဦးရေ | ယခုနှစ် လူဦးရေ | တိုးလာ ဦးရေ | တိုး နှုန်း | ကျား/မအချိုး | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | အချိုး |
| ၁ | ကျွန်းလှ | ၁၀၀၇၁၄ | ၁၀၃၅၈၁ | ၂၈၆၇ | ၂.၈၄ | ၅၀၂၀၇ | ၅၃၃၇၄ | ၁:၁ |
| မြို့နယ်ချုပ် | | ၁၀၀၇၁၄ | ၁၀၃၅၈၁ | ၂၈၆၇ | ၂.၈၄ | ၅၀၂၀၇ | ၅၃၃၇၄ | ၁:၁ |

( ခ ) မွေးဖွား၊သေဆုံး၊ပြောင်းဝင်၊ပြောင်းထွက်လူဦးရေ

| စဉ် | မြို့နယ်/ မြို့ | မူလလူ ဦးရေ | မွေးဖွား ဦးရေ | သေဆုံး ဦးရေ | ပြောင်းဝင် ဦးရေ | ပြောင်းထွက် ဦးရေ | လက်ရှိ လူဦးရေ |
|---|---|---|---|---|---|---|---|
| ၁ | ကျွန်းလှ | ၁၀၀၇၁၄ | ၁၆၅၀ | ၄၉၄ | ၂၀၃၉ | ၃၂၈ | ၁၀၃၅၈၁ |
| မြို့နယ်ချုပ် | | ၁၀၀၇၁၄ | ၁၆၅၀ | ၄၉၄ | ၂၀၃၉ | ၃၂၈ | ၁၀၃၅၈၁ |

## ကိုးကွယ်သည့်ဘာသာအလိုက် လူဦးရေ

၁၇။ ကျွန်းလှမြို့နယ်တွင် နေထိုင်ကြသူများ၏ ကိုးကွယ်သည့် ဘာသာအလိုက် လူဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ်/ မြို့ | ဗုဒ္ဓ ဘာသာ | ခရစ်ယာန် | ဟိန္ဒူ ဘာသာ | အစ္စလာမ် ဘာသာ | နတ် | အ ခြား | ပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | ကျွန်းလှ | ၁၀၃၁၄၂ | ၄၀ | - | ၃၉၉ | - | - | ၁၀၃၅၈၁ |
| မြို့နယ်ချုပ် | | ၁၀၃၁၄၂ | ၄၀ | - | ၃၉၉ | - | - | ၁၀၃၅၈၁ |

## နိုင်ငံခြားသားများနေထိုင်မှု

၁၈။ ကျွန်းလှမြို့နယ်အတွင်း နိုင်ငံခြားသားများ နေထိုင်သူဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | မြို့နယ်/ မြို့ | နိုင်ငံခြားသား လူမျိုး | နေထိုင်ဦးရေ | မြို့နယ် လူဦးရေ | မြို့နယ်လူဦးရေ၏ ရာခိုင်နှုန်း |
|---|---|---|---|---|---|
| (က) | ကျွန်းလှ | တရုတ် | ၄ | ၁၀၃၅၈၁ | ၀.၀၀၄ |
| (ခ) | | အိန္ဒိယ | - | - | - |
| (ဂ) | | ပါကစ္စတန် | - | - | - |
| မြို့နယ်ချုပ် | | | ၄ | ၁၀၃၅၈၁ | ၀.၀၀၄ |

# အခန်း(၅)

## အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ

### အုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှု

၁၉။ **ကျွန်းလှမြို့နယ်**၏ အုပ်ချုပ်ရေးနယ်မြေ ဖွဲ့စည်းမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | မြို့နယ် | မြို့ | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|
| ၁ | ကျွန်းလှ | - | ၄ | ၃၄ | ၁၁၄ |
| မြို့နယ်ချုပ် | | | ၄ | ၃၄ | ၁၁၄ |

### ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ

၂၀။ ကျွန်းလှမြို့နယ်၏ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

(က) **မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်စာရင်း**

| စဉ် | အမည် | အလုပ်အကိုင် | တာဝန် |
|---|---|---|---|
| ၁ | ဦးငြိမ်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| ၂ | ဦးသောင်းတင် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| **စဉ်** | **အမည်** | **အလုပ်အကိုင်** | **တာဝန်** |
| ၃ | ဦးကျော်စိုး | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| ၄ | ဦးတိုက်ကျော် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| ၅ | ဦးမောင်ဝင်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| ၆ | ဦးကျော်ဝင်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| ၇ | ဦးကျော်ငြိမ်းထွန်း | ဒုမနဥ၊ မြို့နယ်ထွေအုပ် | အဖွဲ့ဝင် |

| စဉ် | အမည် | အလုပ်အကိုင် | တာဝန် |
|---|---|---|---|
| ၈ | ဦးထိန်လင်း | ဦးစီးမှူး၊ မြို့နယ်ပြန်/ဆက် | အဖွဲ့ဝင် |
| ၉ | ဒေါ်မြင့်မြင့်ရီ | ဦး/ရှိ၊ မြို့နယ်စိုက်ပျိုးရေး | အဖွဲ့ဝင် |
| ၁၀ | ဦးစိုးနိုင် | ဦးစီးမှူး၊ မြို့နယ်လဝက | အဖွဲ့ဝင် |
| ၁၁ | ဦးမြင့်လွင် | ပညာရေးမှူး၊ မြို့နယ်ပညာရေး | အဖွဲ့ဝင် |
| ၁၂ | Dr.မြတ်မိုးဆန်း | မြို့နယ်ဆရာဝန်ကြီး၊ကျန်းမာရေး | အဖွဲ့ဝင် |
| ၁၃ | ဒေါ်မြမြကြွယ် | ဥပဒေအရာရှိ၊ မြို့နယ်ဥပဒေ | အဖွဲ့ဝင် |
| ၁၄ | ဒေါ်ဝင်းကြည် | ဦး/ရှိ၊ မြို့နယ်စာရင်းစစ် | အဖွဲ့ဝင် |
| ၁၅ | ဦးထွန်းလင်းဇော် | အမှုဆောင်အရာရှိ၊မြို့နယ်စည်ပင် | အဖွဲ့ဝင် |
| ၁၆ | ဒေါ်လဲ့လဲ့မွန် | ဦး/ရှိ၊ မြို့နယ်ကော်မရှင် | အတွင်းရေးမှူး |

## (ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ

| စဉ် | မြို့နယ်/ မြို့ | မြို့နယ်/ မြို့လူဦးရေ | ကျား | မ | ပေါင်း |
|---|---|---|---|---|---|
| ၁ | ကျွန်းလှ | ၁၀၃၅၈၁ | ၃၆၆၈၃ | ၃၉၉၂၄ | ၇၆၆၀၇ |
| မြို့နယ်ချုပ် | | ၁၀၃၅၈၁ | ၃၆၆၈၃ | ၃၉၉၂၄ | ၇၆၆၀၇ |

## (ဂ ) နိုင်ငံရေးပါတီများ

| စဉ် | ပါတီ | ဥက္ကဋ္ဌ | အတွင်း ရေးမှူး | အမှု ဆောင် ဦးရေ | ပါတီ ဝင်ဦးရေ |
|---|---|---|---|---|---|
| ၁ | ပြည်ခိုင်ဖြိုးပါတီ | ဦးဇော်ဝင်းထွန်း | ဦးဇော်လွင်ဦး | ၁၅ | ၈၁၂၈ |
| ၂ | NLD | ဦးထွန်းဖငး | ဦးကျော်လင်း | ၁၇ | ၄၂၁၈ |
| ၃ | တစည | ဦးတင်အောင် | ဦးတင်ညွန့် | ၇ | ၁၇၆ |
| ၄ | ပြည်ထောင်စု ကောင်းကျိုး ဆောင်ပါတီ | ဦးဆန်းမင်းထွန်း | ဦးဘိုးညို | ၁၅ | ၈၃၉ |
| ၅ | ပြည်သူ့ပါတီ | ဦးရွှေကျော် | ဦးမျိုးတင့်ဦး | ၁၅ | ၅၀ |

## (ဃ) ရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | လွှတ်တော်ကိုယ်စားလှယ်အမည် | ပါတီ/ တသီးပုဂ္ဂလ အမည် | လွှတ်တော်အမည် |
|---|---|---|---|
| ၁ | ဦးထွန်းဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ပြည်သူ့လွှတ်တော် |
| ၂ | ဦးဝင်းအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | အမျိုးသားလွှတ်တော် |
| ၃ | ဦးကျော်လင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ် အမှတ်(၁) |
| ၄ | ဦးလှဖြိုး (ကွယ်လွန်) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ် အမှတ်(၂) |

## အခန်း(၆)
## စီးပွားရေးဆိုင်ရာအချက်အလက်

### စီးပွားရေးဆိုင်ရာခြုံငုံသုံးသပ်ချက်

၂၁။ ကျွန်းလှမြို့နယ်သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတည်ရှိပြီးစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလယ်အလတ်ရှိသောမြို့နယ်တစ်ခုဖြစ်ပါသည်။ မြို့နယ်အတွင်းရှိဒေသခံပြည်သူလူထုသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ကျွန်းလှမြို့နယ်သည်မန္တလေး-မြစ်ကြီးနားမီးရထားလမ်းပေါ်တွင်တည်ရှိ၍ကုန်းလမ်းဖြင့်သွားလာနိုင်ပြီးလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော မြို့နယ်ဖြစ်ပါသည်။ မြို့နယ်၏အဓိကထွက်ကုန်မှာ ဆန်စပါး၊ ပြောင်း၊ပဲဖြစ်ပြီး မန္တလေးမြို့သို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ ကျွန်းလှမြို့နယ်သည် မန္တလေးမြို့မှကုန်ပစ္စည်းများကို အဓိကတင်သွင်းရပါသည်။

### မြေအသုံးချမှု

၂၂။ ကျွန်းလှမြို့နယ်၏ မြေအမျိုးအစားအလိုက် အသုံးချထားသည့်ဧကအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | မြေအမျိုးအစား | ဧရိယာ(ဧက) |
|---|---|---|
| ၁ | **အသားတင်စိုက်ပျိုးမြေဧရိယာပေါင်း** | ၇၄၄၈၂ |
| | (က) လယ်မြေဧရိယာ | ၂၂၈၈၄ |
| | (ခ) ယာမြေ | ၅၀၉၉၆ |
| | (ဂ) ကိုင်း/ကျွန်းမြေ | ၆၀၂ |
| | (ဃ) ဥယျာဉ်မြေ | - |
| | (င) ဓနို | - |
| ၂ | လုပ်ထားမြေဧရိယာပေါင်း | - |
| | (က) လယ်မြေဧရိယာ | - |

| စဉ် | မြေအမျိုးအစား | ဧရိယာ(ဧက) |
|---|---|---|
| | **( ခ) ယာမြေ** | - |
| | **( ဂ) ကိုင်း/ကျွန်းမြေ** | - |
| | (ဃ) ဥယာဉ်မြေ | - |
| | (င ) ဓနိ | - |
| ၃ | စားကျက်မြေ | ၆ |
| ၄ | စက်မှုလုပ်ငန်းသုံးမြေ | ၂ |
| ၅ | မြို့မြေ | ၂၂၃၅ |
| ၆ | ရွာမြေ | ၂၉၇၇ |
| ၇ | အခြားမြေ | ၂၃၁၂ |
| ၈ | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ဧရိယာ | ၄၀၂၂၂၄ |
| ၉ | တောရိုင်း | ၃၉၇၆၀ |
| ၁၀ | မြေရိုင်း | ၅၀၅၇၈ |
| ၁၁ | စိုက်ပျိုးခြင်းမပြုနိုင်သောဧရိယာ | ၈၅၂၄၆ |
| **စုစုပေါင်း** | | **၆၅၉၈၂၂** |

## ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက်ဧရိယာ

၂၃။ ကျွန်းလှမြို့နယ်ရှိ ဆည်မြောင်းတာတမံများနှင့် ဆည်ရေ သောက်ဧရိယာမှာ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

### (က) **ကိုယ့်အားကိုယ်ကိုးဆည်များ**

| စဉ် | ဆည်အမည် | ဆည်အမျိုးအစား | ရေဝင်ဆံမှု(ကုဗ) | အကျိုးပြုဧက |
|---|---|---|---|---|
| ၁ | ကျောက်အိုး | တစ်ဘက်ရပ်ဆည် | ၂၅၀၀ | ၁၀ |
| ၂ | ထောက်ကြံ့လျှို | ॥ | ၃၀၀၀ | ၁၂ |
| ၃ | သဲနီချောင်း | ॥ | ၅၀၀၀ | ၁၀၀ |
| **မြို့နယ် ချုပ်** | | | **၁၀၅၀၀** | **၁၂၂** |

## (ခ) မြစ်ရေတင်စီမံကိန်းများ

| စဉ် | စီမံကိန်းအမည် | တည်နေရာ | အကျိုးပြုဧက | မှတ်ချက် |
|---|---|---|---|---|
| ၁ | မဒေါင်လျှပ်စစ်ရေတင် | မဒေါင်ကျေးရွာ | ၇၅၀ဧက | ၃၀.၃.၂၀၂၀ |
| မြို့နယ်ချုပ် | | | ၇၅၀ဧက | |

## (ဂ) တာတမံများ/ရေထိန်းတံခါး

| စဉ် | တာတမံ/ရေထိန်းတံခါး | | | ကာကွယ်သည့် မြစ်/ချောင်း | အကျိုးပြုဧက |
|---|---|---|---|---|---|
| | အမည် | အမျိုးအစား | အရှည် (ပေ) | | |
| ၁ | | | မရှိပါ။ | | |
| မြို့နယ်ချုပ် | | | | | |

## စိုက်ပျိုးရေးလုပ်ငန်း

၂၄။ ကျွန်းလှမြို့နယ်၏ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

### (က) အဓိကသီးနှံ(၁၀)မျိုး စိုက်ပျိုးထုတ်လုပ်မှု

| စဉ် | သီးနှံအမည် | ၂၀၁၉–၂၀၂၀ လျာထားဧက | | ၂၀၂၀ ခုနှစ် | | | |
|---|---|---|---|---|---|---|---|
| | | | | စိုက် | ရိတ် | နှုန်း | အထွက် (တင်း) |
| ၁ | စပါး ပေါင်း | နွေ | ၃၇၀ | ၁၆၆ | ၁၆၆ | ၈၄.၂၂ | ၁၃၉၈၀ |
| | | မိုး | ၃၃၅၈၇ | ၃၃၀၈၄ | – | – | – |
| ၂ | မြေပဲ | မိုး | ၅၈၂၄ | ၇၀၈၇ | ၇၀၁၀ | ၄၁.၃၁ | ၂၈၉၅၈၃ |
| | | ဆောင်း | ၁၃၉၈၇ | ၁၄၀၈၃ | ၁၄၀၈၃ | ၇၆.၃၇ | ၁၀၇၅၅၁၈ |
| ၃ | နှမ်း | မိုး | – | – | – | – | – |
| | | ဆောင်း | ၁၂၁၀၀ | ၁၃၈၆၆ | ၁၃၈၆၆ | ၁၆.၃၂ | ၂၂၆၂၉၃ |
| ၄ | နေကြာ | – | ၁၃၇၈ | ၁၇၈၂ | ၁၇၈၂ | ၂၄.၀၅ | ၄၂၈၅၇ |
| ၅ | မတ်ပဲ | – | ၁၆၇၀၃ | ၁၇၄၇၃ | ၁၇၄၇၃ | ၁၂.၅၂ | ၂၁၈၇၆၂ |

| စဉ် | သီးနှံအမည် | ၂၀၁၉-၂၀၂၀ လျာထားကေ | | ၂၀၂၀ ခုနှစ် | | | |
|---|---|---|---|---|---|---|---|
| | | | | စိုက် | ရိတ် | နှုန်း | အထွက် (တင်း) |
| ၆ | ပဲတီစိမ်း | မိုး | ၅၃၈၃ | ၅၅၆၇ | ၅၅၆၇ | ၁၇.၄၅ | ၉၇၁၄၄ |
| | | ဆောင်း | - | ၃၀ | ၃၀ | ၁၉.၂၇ | ၅၇၈ |
| ၇ | ပဲစင်းငုံ | - | ၉၀၇၄ | ၁၁၅၁၄ | - | - | - |
| ၈ | ဝါ | - | ၃ | ၃ | - | - | - |
| ၉ | ကြံ | - | ၅၀၀၀ | ၅၁၉၆ | ၂၅၃၉ | ၂၅.၀၁ | ၆၃၅၀၀ |
| ၁၀ | အစေ့ထုတ်ပြောင်း | - | ၁၄၆၄၄ | ၁၅၆၁၃ | ၁၃၂၄၄ | ၄၉.၅၅ | ၆၅၆၂၄၀ |

## (ခ) နှစ်ရှည်သီးနှံစိုက်ပျိုးမှုအခြေအနေ

| စဉ် | သီးနှံအမည် | စိုက် (ကေ) | ရိတ် (ကေ) | အထွက်နှုန်း (ပိဿာ) | အထွက်ပေါင်း (ပိဿာ) |
|---|---|---|---|---|---|
| ၁ | သစ်ဆိမ့် | - | - | - | - |
| ၂ | ထန်း | ၂၀ | ၂၀ | ၂၀၂၂၂.၁၀ | ၄၀၄၄၄၂ |
| ၃ | အုန်း | ၂၃၃ | ၂၃၃ | ၃၆၁၃.၃၃ | ၈၄၁၉၀၅ |
| ၄ | ကွမ်းသီး | ၁၃ | ၁၃ | ၃၄၅.၅၄ | ၄၄၉၂ |
| ၅ | ကွမ်းရွက် | ၅၄ | ၅၄ | ၅၂၀၀.၀၀ | ၂၈၀၈၀၀ |
| ၆ | သစ်သီးပင်များ | ၈၈၁ | ၈၈၁ | - | - |
| ၇ | ငှက်ပျော | ၂၀၆ | ၂၀၆ | ၁၀၀၀.၀၀ | ၂၀၆၀၀၀ |
| မြို့နယ်ချုပ် | | ၁၄၀၇ | ၁၄၀၇ | - | ၁၇၃၇၆၃၉ |

## (ဂ) အခြားဈေးကွက်ဝင်သီးနှံများစိုက်ပျိုးထုတ်လုပ်မှု

| စဉ် | သီးနှံအမည် | စိုက်ကေ | ရိတ်ကေ | အထွက်နှုန်း | အထွက်ပေါင်း |
|---|---|---|---|---|---|
| ၁ | ကြယ်ပဲ | ၁ | ၁ | ၁၄.၀၀ | ၁၄ |
| ၂ | လျှော်ဖြူ | ၁၁၈ | - | - | - |
| မြို့နယ်ချုပ် | | ၁၁၉ | ၁ | ၁၄.၀၀ | ၁၄ |

## (ဃ) လယ်ယာသုံးစက်ကိရိယာ သုံးစွဲမှုအခြေအနေ

| စဉ် | အစိုးရ | | | | | | | ပုဂ္ဂလိက | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | လယ်ထွန်စက် | လက်တွန်းထွန်စက် | မျိုးစေ့ချစက် | Combine Havester | ရိတ်သိမ်းစက် | ချွေလှေ့စက် | ရေစုပ်စက် | လယ်ထွန်စက် | လက်တွန်းထွန်စက် | မျိုးစေ့ချစက် | Combine Havester | ရိတ်သိမ်းစက် | ချွေလှေ့စက် | ရေစုပ်စက် |
| ၁ | - | - | - | - | - | - | - | ၁၇၇ | ၁၄၇၉ | - | ၁၁ | - | ၃၃၁ | ၇၂၀ |

## (င) လယ်ယာသုံးထယ်၊ထွန်နှင့်ကျွဲ၊နွားကောင်ရေ

| စဉ် | ထယ်အရေအတွက် | ထွန်အရေအတွက် | ကျွဲနွားကောင်ရေ | နွားကောင်ရေ |
|---|---|---|---|---|
| ၁ | ၁၁၃၉၀ | ၁၁၇၃၅ | ၁၃၇၆၈ | ၂၉၆၈၆ |

## (စ) ဒေသတွင်း ဆန်ဖူလုံမှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၈-၂၀၁၉ အမှန် | ၂၀၁၉-၂၀ ခန့်မှန်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | လူဦးရေ | ဦး | ၁၀၃၂၂၂ | ၁၀၃၅၈၁ | |
| ၂ | လူတစ်ဦးတစ်နှစ်စားသုံးမှု | | - | - | |
| | -ကျေးလက်နေ | တင်း | ၁၅ | ၁၅ | |
| | -မြို့နေ | တင်း | ၁၂ | ၁၂ | |
| ၃ | ဝမ်းစာလိုအပ်ချက် | တင်း | ၁၅၀၉၈၅၅ | ၁၅၁၅၀၈၇ | |
| ၄ | စပါးစိုက်ဧကပေါင်း | ဧက | ၃၃၂၅၀ | ၃၅၂၆၅ | |
| | -အထွက်နှုန်း | တင်း | ၇၆.၇၀ | ၇၉.၉၃ | |
| | -အထွက်တင်း | တင်း | ၂၅၅၀၃၄၇ | ၂၈၁၈၈၇၆ | |
| ၅ | လာမည့်နှစ်စပါးစိုက် ဧက | ဧက | ၃၅၂၆၅ | ၃၅၂၆၅ | |
| ၆ | ချန်လှပ်ရမည့်တင်း | တင်း | ၅၂၈၉၈ | ၅၂၈၉၈ | |
| ၇ | အသုံးပြုတင်း | တင်း | ၁၆၁၄၉၃၆ | ၁၆၇၃၇၈၀ | |
| ၈ | ပိုလျှံမှု | တင်း | ၉၃၅၄၁၁ | ၁၁၄၅၀၉၆ | |
| ၉ | ဝမ်းစာကျန်ရှိမှု | တင်း | ၂၄၄၅၂၆၆ | ၂၆၆၀၁၈၃ | |
| ၁၀ | ဖူလုံမှု | ရာခိုင်နှုန်း | ၁၆၂ | ၁၇၅ | |

## (ဆ) ဒေသတွင်းဆီဖူလုံမှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၈-၁၉ အမှန် | ၂၀၁၉-၂၀ အမှန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | လူဦးရေ | ဦး | ၁၀၃၂၂၂ | ၁၀၃၅၈၁ | |
| ၂ | လူတစ်ဦးတစ်နှစ်စားသုံးမှု | ပိဿာ | ၆ | ၆ | |
| | ဝမ်းစာလိုအပ်ချက် | တန် | ၁၀၁၁ | ၁၀၁၅ | |
| | ဆီထွက်ရှိမှု | တင်း | ၆၆၀၅ | ၆၀၆၅ | |
| ၃ | အလေအလွင့်နှင့် အခြား | တင်း | ၁၆၂၂၃၄ | ၁၅၃၅၀၁ | |
| ၄ | ချန်လှပ်ရမည့်တင်း | ဧက | ၄၄၀၁၂၀ | ၄၀၄၅၇ | |
| | အသုံးပြုမှု | မက်/တန် | ၅၅၈၄ | ၅၀၅၀ | |
| | လိုအပ်မှု | မက်/တန် | ၁၀၁၁ | ၁၀၁၅ | |
| ၅ | ဖူလုံမှု | ရာခိုင်နှုန်း | ၆၅၃ | ၅၉၈ | |

## မွေးမြူရေးလုပ်ငန်းများ

၂၅။ ကျွန်းလှမြို့နယ်၏ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### (က) မွေးမြူရေးဇုန်များ

| စဉ် | ဇုန်အမည် | ကျွဲ | နွား | ဝက် | သိုး/ဆိတ် | ကြက် | ဘဲ | ငုံး |
|---|---|---|---|---|---|---|---|---|
| ၁ | | ကြက်မွေးမြူရေးဇုံဆောင်ရွက်ဆဲ | | | | | | |
| ၂ | | | | | | | | |
| မြို့ နယ်ချုပ် | | | | | | | | |

### (ခ) မြို့နယ်မွေးမြူရေး (ကောင်ရေ)

| စဉ် | မြို့နယ်/မြို့ | ခုနှစ် | ကျွဲ | နွား | ဝက် | သိုး/ဆိတ် | ကြက် | ဘဲ | ငုံး |
|---|---|---|---|---|---|---|---|---|---|
| ၁ | ကျွန်းလှ | ၂၀၁၉-၂၀၂၀ | ၂၀၂၇၆ | ၅၇၂၇၈ | ၄၁၃၁၂ | ၂၅၄၃ | ၄၈၄၂၆၈ | ၅၅၇၉ | - |
| မြို့ နယ်ချုပ် | | | ၂၀၂၇၆ | ၅၇၂၇၈ | ၄၁၃၁၂ | ၂၅၄၃ | ၄၈၄၂၆၈ | ၅၅၇၉ | - |

### (ဂ) မြို့နယ်အသားထုတ်လုပ်မှု (ပိဿာ)

| စဉ် | မြို့နယ်/မြို့ | ခုနှစ် | ကျွဲ | နွား | ဝက် | သိုး/ဆိတ် | ကြက် | ဘဲ | ငုံး |
|---|---|---|---|---|---|---|---|---|---|
| ၁ | ကျွန်းလှ | ၂၀၁၉-၂၀၂၀ | - | ၁၂၂၇၉၄ | ၂၇၄၄၅၁ | ၈၀၆၅ | ၃၅၀၃၉၅ | ၂၅၇၂ | - |
| မြို့နယ်ချုပ် | | ၂၀၁၉-၂၀၂၀ | - | ၁၂၂၇၉၄ | ၂၇၄၄၅၁ | ၈၀၆၅ | ၃၅၀၃၉၅ | ၂၅၇၂ | - |

### (ဃ) မြို့နယ်ကြက်/ဘဲ/ငုံးဥထုတ်လုပ်မှု (လုံး)

| စဉ် | မြို့နယ်/မြို့ | ခုနှစ် | ကြက်ဥ | ဘဲဥ | ငုံးဥ |
|---|---|---|---|---|---|
| ၁ | ကျွန်းလှ | ၂၀၁၉-၂၀၂၀ | ၄၆၄၃၇၈၇ | ၁၅၃၁၅၈ | - |
| မြို့နယ်ချုပ် | | | ၄၆၄၃၇၈၇ | ၁၅၃၁၅၈ | - |

## (င) မြို့နယ်နှီထွက်ပစ္စည်းထုတ်လုပ်မှု

| စဉ် | မြို့နယ်/မြို့ | ခုနှစ် | နှီစားနွား(ကောင်ရေ) | နှီထွက်(ပိဿာ) |
|---|---|---|---|---|
| ၁ | ကျွန်းလှ | ၂၀၁၉-၂၀၂၀ | ၂၅ | ၁၀၀၀ |
| မြို့နယ်ချုပ် | | | ၂၅ | ၁၀၀၀ |

## ( စ) မြို့နယ်ငါး၊ ပုစွန်မွေးမြူမှု အခြေအနေ

| စဉ် | ခုနှစ် | ငါး | | | ပုဇွန် | | |
|---|---|---|---|---|---|---|---|
| | | အရေအတွက် (ကန်) | ဧက | ထုတ်လုပ်မှု ပိဿာ | အရေအတွက် (ကန်) | ဧက | ထုတ်လုပ်မှု ပိဿာ |
| ၁ | ၂၀၁၉-၂၀၂၀ | - | - | - | - | - | - |

## (ဆ) ရေချိုရေငန်ငါးဖမ်းလုပ်ငန်းမှအသားထုတ်မှု(တန်)

| စဉ် | ခုနှစ် | ငါး | | | ပုဇွန် | | |
|---|---|---|---|---|---|---|---|
| | | လေလံ အရေအတွက် | လုပ်ငန်း အရေအတွက် | ထုတ်လုပ်မှု (တန်) | လေလံ အရေအတွက် | လုပ်ငန်း အရေအတွက် | ထုတ်လုပ်မှု (တန်) |
| ၁ | ၂၀၁၉-၂၀၂၀ | - | - | - | - | - | - |

## စက်မှုလက်မှုလုပ်ငန်း

၂၆။ ကျွန်းလှမြို့နယ်၏ စက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### (က) စက်မှုဇုန်များ

| စဉ် | စက်မှုဇုန်အမည် | စက်ရုံအမည် | ထုတ်လုပ်သည့်ပစ္စည်းများ |
|---|---|---|---|
| ၁ | | မရှိပါ။ | |
| မြို့နယ်ချုပ် | | | |

## (ခ) မြို့နယ်ရှိစက်ရုံများ

| စဉ် | မြို့နယ်/ မြို့ | စက်ရုံအမည် | အမျိုးအစား | နိုင်ငံ ပိုင် | ပုဂ္ဂလိက ပိုင် | လုပ်သား အင်အား |
|---|---|---|---|---|---|---|
| ၁ | ကျွန်းလှ | Paw Oo | သောက်ရေသန့် | | ၁ | ၁၀ |
| ၂ | ကျွန်းလှ | Mo | သောက်ရေသန့် | | ၁ | ၁၀ |
| ၃ | ကျွန်းလှ | မြင့်မိုရ် ထွန်း | သောက်ရေသန့် | | ၁ | ၁၀ |
| ၄ | ကျွန်းလှ | ခေတ် ကြိုက် | သောက်ရေသန့် | | ၁ | ၁၀ |
| မြို့နယ်ချုပ် | | | | | ၄ | ၄၀ |

## (ဂ) မြို့နယ်ရှိအလုပ်ရုံများ

| စဉ် | မြို့နယ်/ မြို့ | အလုပ်ရုံအမည် | အမျိုးအစား | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | လုပ်သား အင်အား |
|---|---|---|---|---|---|---|
| ၁ | ကျွန်းလှ | မရှိပါ။ | | | | |
| မြို့နယ်ချုပ် | | | | | | |

## (ဃ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ

| စဉ် | မြို့နယ်/မြို့ | စက်မှုလက်မှုလုပ်ငန်း အမျိုးအစား | အရေ အတွက် | လုပ်သား အင်အား |
|---|---|---|---|---|
| ၁ | ကျွန်းလှ | စက်ချုပ်လုပ်ငန်း | ၁၅ | ၂၀ |
| ၂ | | ပန်းထိမ်လုပ်ငန်း | ၂၄ | ၁၁၇ |
| ၃ | | အိုးလုပ်ငန်း | ၁ | ၄ |
| ၄ | | မုန့်ဖုတ်လုပ်ငန်း | ၉ | ၂၈ |
| ၅ | | ယက္ကန်းလုပ်ငန်း | ၂ | ၁၂ |
| ၆ | | ပန်းပဲလုပ်ငန်း | ၂ | ၅ |
| ၇ | | တံမျက်စည်း | ၁ | ၄ |
| ၈ | | ဖျာယက်လုပ်ငန်း | ၇ | ၅ |
| မြို့နယ်ချုပ် | | | ၆၁ | ၁၉၅ |

## သစ်တောလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

၂၇။ ကျွန်းလှမြို့နယ်၏ သစ်တောလုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **သစ်တောများ**

| စဉ် | အကြောင်းအရာ | ဧရိယာ(ဧက) | ပေါက်သည့်အပင်များ |
|---|---|---|---|
| ၁ | ကြိုးဝိုင်း | ၂၇၇၃၄၈ | သစ်ယာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ အင်၊ကညင်၊ ထောက်ကြံ့၊ ကျွန်း၊ တမလန်း |
| ၂ | ကြိုးပြင် | ၁၂၄၉၁၂ | သစ်ယာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ အင်၊ ကညင်၊ ထောက်ကြံ့၊ ကျွန်း၊ တမလန်း |
| မြို့နယ် ချုပ် | | ၄၀၂၂၆၀ | |

(ခ) **စီးပွားဖြစ်သစ်တောစိုက်ခင်း**

| စဉ် | စိုက်ပျိုးသူ | နိုင်ငံ/ ပုဂ္ဂလိက ပိုင် | စိုက် ဧက | တည်နေရာ | အပင် အမျိုး အစား | အရေ အတွက် |
|---|---|---|---|---|---|---|
| ၁ | သစ်တော | နိုင်ငံပိုင် | ၇၀၀ | ဖုံမွှာကြိုး ဝိုင်း | ကျွန်း | ၇၈၀၀၀၀ |
| မြို့နယ်ချုပ် | | နိုင်ငံပိုင် | ၇၀၀ | ဖုံမွှာကြိုးဝိုင်း | ကျွန်း | ၇၈၀၀၀၀ |

(ဂ) **သစ်ထုတ်လုပ်မှု**

| စဉ် | အမျိုးအစား | နိုင်ငံ | ပုဂ္ဂလိကပိုင် | ထုတ်လုပ်မှု(တန်) |
|---|---|---|---|---|
| ၁ | ကျွန်း | - | - | - |
| ၂ | ပျဉ်းကတိုး | ၂၈၂၉.၁၅၈ | - | ၂၈၂၉.၁၅၈ |
| ၃ | ပိတောက် | - | - | - |
| ၄ | ကညင်/ အင် | ၁၁၁၂.၄၁၈ | - | ၁၁၁၂.၄၁၈ |
| ၅ | အခြား | ၁၀၂၉.၇၆၈ | - | ၁၀၂၉.၇၆၈ |
| မြို့နယ်ချုပ် | | ၄၉၇၁.၃၄၄ | - | ၄၉၇၁.၃၄၄ |

(ဃ) **သစ်တောထွက်ပစ္စည်းများ**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ထုတ်လုပ်မှု |
|---|---|---|---|
| ၁ | ထင်း | ကုဗတန် | ၁၀၀၀ |
| ၂ | မီးသွေး | ကုဗတန် | ၁၀၀၀ |
| ၃ | ဝါး | လုံး(၁၀၀) | ၁၀၀၀ |
| ၄ | ကြိမ် | လုံး(၁၀၀) | ၈ |
| ၅ | ရှားစေး | ပိဿာ | - |
| ၆ | သစ်ခေါက် | ပိဿာ | ၁၅၂၈၃ |
| ၇ | သစ်ခွ | ပိဿာ | |
| ၈ | သနပ်ခါး | ပိဿာ | ၆၄ |
| ၉ | ဖာလာစေ့ | ပိဿာ | - |
| ၁၀ | ပျားရည် | ပိဿာ | - |
| ၁၁ | ဓနိ | ဖျစ် | ၃၄ |
| ၁၂ | အင်တွဲ/ပွဲညှက် | ထောင်ပေါင်း(ဖျစ်) | ၃၀၀ |

## တွင်းထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း

၂၈။ ကျွန်းလှမြို့နယ်၏ တွင်းထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းနှင့် ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဓါတ်သတ္တုတူးဖော်ထုတ်လုပ်မှု**

| စဉ် | ဓါတ်<br>သတ္တု အမျိုး<br>အစား | ထွက်ရှိသည့်ဒေသ | ထုတ်လုပ်မှု<br>ပမာဏ | ထုတ်လုပ်မှုတန်ဘိုး<br>(ကျပ်သန်းပေါင်း) |
|---|---|---|---|---|
| ၁ | မြေဖယောင်း | မြနှစ်ကျေးရွာ | ၆၀၀တန် | ၁၂ |
| မြို့နယ်ချုပ် | | | ၆၀၀တန် | ၁၂ |

## (ခ) ကျောက်မျက်တူးဖော်ထုတ်လုပ်မှု

| စဉ် | လုပ်ငန်းတည်နေရာ | ကျောက်မျက်ရတနာအမျိုးအစား | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကျောက်စိမ်း | နီလာ | စိန် | ပတ္တမြား | ပုလဲ | စသည့် |
| ၁ | | | | မရှိပါ။ | | | | | |
| မြို့နယ်ချုပ် | | | | | | | | | |

**စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍ**

၂၉။ ကျွန်းလှမြို့နယ်၏ စွမ်းအင်/လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

### (က) ဓါတ်ဆီ/ဒီဇယ်အရောင်းဆိုင်

| စဉ် | မြို့နယ်/မြို့ | ဆိုင်အမည် | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | တစ်နှစ်ရောင်းချမှုစည်ပေါင်း | |
|---|---|---|---|---|---|---|
| | | | | | ဓါတ်ဆီ | ဒီဇယ် |
| ၁ | ကျွန်းလှ | လင်းရောင်ဝင်း | | ၁ | ၁၇၅ | ၂၄၅ |
| ၂ | | ဦးသိန်းနိုင် | | ၁ | ၁၇၅ | ၂၄၅ |
| မြို့နယ်ချုပ် | | | | ၂ | ၃၅၀ | ၄၉၀ |

| | | | |
|---|---|---|---|
| မြို့နယ်ချုပ် | | | |

### (ခ) သဘာဝဓါတ်ငွေ့အရောင်းဆိုင်များ

| စဉ် | သဘာဝဓါတ်ငွေ့ဆိုင်အမည် | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | တစ်နှစ်ရောင်းရကုဗပေပေါင်း |
|---|---|---|---|---|
| ၁ | မရှိပါ။ | | | |
| မြို့နယ်ချုပ် | | | | |

## ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း

၃၀။ ကျွန်းလှမြို့နယ်၏ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**(က) လေကြောင်းလမ်း**

| စဉ် | လေဆိပ်/ရဟတ်ယာဉ်ကွင်း အမည် | တည်နေရာ | မှတ်ချက် |
|---|---|---|---|
| ၁ | မရှိပါ။ | | |
| မြို့နယ်ချုပ် | | | |

**( ခ ) ရေကြောင်းလမ်း**

| စဉ် | ရေကြောင်းလမ်း အမည် | မြို့နယ်အတွင်း | | အရှည် ရေမိုင် | ဆိပ်ကမ်း အရေအတွက် | |
|---|---|---|---|---|---|---|
| | | မှ | ထိ | | သင်္ဘော ဆိပ် | အခြား |
| ၁ | ငါးဘတ်အိုင်- အိမ်ခြေ | | | ၂၆ | | ၁ |
| ၂ | ကြို့ပင်ချောက်- ပေကုန်း | | | ၁၄ | | ၁ |
| ၃ | အင်တိုင်း-ပေကုန်း | | | ၈ | | ၁ |
| မြို့နယ်ချုပ် | | | | ၄၈ | | ၃ |

**(ဂ) ရထားလမ်းနှင့် ဘူတာရုံများ**

| စဉ် | ရထားလမ်းအမည် | မြို့နယ်အတွင်း | | အရှည် မိုင် | ဘူတာ အရေအတွက် | |
|---|---|---|---|---|---|---|
| | | မှ | ထိ | | ကြီး | သေး |
| ၁ | မန္တလေး-မြစ်ကြီးနား | ၄၉၈/၈ | ၄၉၈/၂၂ | ၀.၅၈ | ၁ | - |
| မြို့နယ်ချုပ် | | ၄၉၈/၈ | ၄၉၈/၂၂ | ၀.၅၈ | ၁ | - |

(ဃ) **ကားဂိတ်များ**

| စဉ် | မြို့နယ်/ မြို့ | ကားဂိတ် အမည် | ပြေးဆွဲသည့် ခရီးစဉ် | ပြေးဆွဲသည့် ယာဉ် အမျိုးအစား | ပြေးဆွဲသည့် ယာဉ် စီးရေ |
|---|---|---|---|---|---|
| ၁ | ကျွန်းလှ | အောင်ရတနာ | ကျွန်းလှ-ရန်ကုန် | မှန်လုံ | ၇ |
| ၂ | ကျွန်းလှ | ရွှေကြယ်စင် | ကျွန်းလှ-ရန်ကုန် | မှန်လုံ | ၄ |
| ၃ | ကျွန်းလှ | ဝင်းသစ္စာ | ကျွန်းလှ-ရန်ကုန် | မှန်လုံ | ၁ |
| ၄ | ကျွန်းလှ | မန္တလာမင်း | ကျွန်းလှ-ရန်ကုန် | မှန်လုံ | ၁ |
| ၅ | ကျွန်းလှ | အောင်နိုင်မန်း | ကျွန်းလှ-မန္တလေး | မှန်လုံ | ၃ |
| ၆ | ကျွန်းလှ | ရန်အောင်မန်း | ကျွန်းလှ-မန္တလေး | မှန်လုံ | ၃ |
| ၇ | ကျွန်းလှ | ရန်အောင်မန်း | ကျွန်းလှ-ရွှေဘို | မှန်လုံ | ၁ |
| ၈ | ကျွန်းလှ | ကံရာမင်း | ကျွန်းလှ-ရွှေဘို | မှန်လုံ | ၁ |
| မြို့နယ်ချုပ် | | ၈ | ၃ | | ၂၁ |

**လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနများမှ ဆောင်ရွက်သည့် လုပ်ငန်းများ**

၃၁။ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနများမှ ဆောင်ရွက်သည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ကားလမ်း**

| စဉ် | ကားလမ်းအမည် | မြို့နယ်အတွင်း | | အရှည်မိုင် |
|---|---|---|---|---|
| | | မှ | ထိ | |
| ၁ | ကျွန်းလှ-ကန့်ဘလူ | ၂၃/၀ | ၂၆/၃.၁၉၄ | ၃ မိုင် ၃.၁၄၉ ဖာလုံ |
| ၂ | ကျွန်းလှမြို့ရှောင်လမ်း | ၀/၀ | ၂/၅.၂၂ | ၂ မိုင် ၅.၂၂ ဖာလုံ |

(ခ) **မြို့နယ်ချင်းဆက်လမ်းများ**

| စဉ် | လမ်းအမည် | အရှည် (မိုင်-ဖာလုံ) | အမျိုးအစား | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ကတ္တရာ | ကွန်ကရစ်လမ်း | ကျောက်ချော | |
| ၁ | ကျွန်းလှကန့်ဘလူ | ၈/၃.၁၉၄ | ၈/၃.၁၉၄ | - | - | |
| ၂ | ကျွန်းလှ-ချပ်သင်း | ၃၄/၂ | ၂၈/၇ | ၂/၂.၄ | ၃/၀.၆ | |
| မြို့နယ်ချုပ် | | ၄၂/၅.၁၉၄ | ၃၇/၂.၁၉၄ | ၂/၂.၄ | ၃/၀.၆ | |

## (ဂ) တံတားများ

### (၁) ပေ(၁၈၀)အထက်တံတားများ

| စဉ် | တံတား အမည် | အရှည် (ပေ) | အမျိုး အစား | တည် ဆောက် သည့် ခုနှစ် | သွားလာ နိုင်သည့်ယာဉ် (ကား/ရထား) |
|---|---|---|---|---|---|
| ၁ | ချောင်းခြားတံတား | ၃၅၀' | ကွန်ကရစ် | ၂၀၁၅ | ကား |
| မြို့နယ် ချုပ် | | ၃၅၀ | - | - | - |

### (၂) ပေ(၁၈၀)အောက်တံတားများ

| စဉ် | ပေ(၅၀)မှ (၁၈၀)ရှိ တံတားအမည် | အရှည် (ပေ) | အမျိုး အစား | တည်ဆောက် သည့်ခုနှစ် | သွားလာ နိုင်သည့်ယာဉ် (ကား/ရထား) | ပေ(၅၀) အောက်တံတား အရေအတွက် |
|---|---|---|---|---|---|---|
| ၁ | တောင်ချောင်း ကြီးတံတား | ၉၀ | ကွန် ကရီ | ၂၀၁၁ | ကား | ၁၁၆ |
| ၂ | လိတ္တူတံတား | ၅၀ | ။ | ၂၀၁၀ | ကား | |
| ၃ | ချပ်သင်းရွာ တံတား | ၅၀ | ။ | ၂၀၁၆ | ကား | |
| ၄ | ချပ်သင်းရွာ တံတား | ၅၀ | ။ | ၂၀၁၄ | ကား | |
| ၅ | ၁/၁၉တံတား | ၅၀ | ဘေ လီ | ၂၀၁၅ | ကား | |
| ၆ | ဇော်ချောင်းတံ တား | ၁၂၀ | RC | ၂၀၁၅ | ကား | |
| ၇ | ဇော်ချောင်း တံတား | ၁၀၀ | ဘေ လီ | ၂၀၁၃ | ကား | |
| ၈ | ၂၈/၃၄တံ တား | ၆၀ | ဘေ လီ | | ကား | |
| မြို့နယ် ချုပ် | | ၈ | | | | |

(ဃ) **လမ်းတံတားသုံးစက်ကိရိယာများ**

| စဉ် | မြို့နယ် / မြို့ | လမ်းတံတားသုံးစက်ကိရိယာများ | | | | လုပ်သား ဦးရေ |
|---|---|---|---|---|---|---|
| | | မြေထိုး စက် | မြေကော် စက် | မြေကြိတ် စက် | မြေသယ် ယာဉ် | |
| ၁ | မြို့နယ် | - | - | ၁ | - | - |
| မြို့နယ် ချုပ် | | - | - | ၁ | - | - |

( င ) **လမ်း/ တံတားအသုံးပြုခကောက်ခံသည့်လုပ်ငန်း**

| စဉ် | တိုးဂိတ် အမည် | တည်နေရာ | လမ်း/တံတားအရှည် | | ကုမ္ပဏီ/အဖွဲ့အစည်း/ လူပုဂ္ဂိုလ် |
|---|---|---|---|---|---|
| | | | မှ | ထိ | |
| ၁ | | | မရှိပါ။ | | |
| မြို့နယ်ချုပ် | | | | | |

**ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း**

၃၂။ ကျွန်းလှမြို့နယ်ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း**

**(၁) ဟိုတယ်**

| စဉ် | ဟိုတယ်အမည် | ဟိုတယ် | | အဆင့် | အခန်း ပေါင်း |
|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | | |
| ၁ | | | မရှိပါ။ | | |
| မြို့နယ်ချုပ် | | | | | |

**(၂) မိုတယ်၊ အင်း၊ တည်းခိုခန်း**

| စဉ် | မိုတယ်အရေအတွက် | အင်းအရေအတွက် | တည်းခိုခန်း အရေအတွက် |
|---|---|---|---|
| ၁ | - | - | ၃ |
| မြို့နယ်ချုပ် | - | - | ၃ |

### (ခ) ကမ်းခြေနှင့် အပန်းဖြေနေရာများ

| စဉ် | ကမ်းခြေ/အပန်းဖြေနေရာအမည် | တည်နေရာ |
|---|---|---|
| ၁ | မရှိပါ။ | |
| မြို့နယ် ချုပ် | | |

**သမဝါယမအသင်းများ**

၃၃။ ကျွန်းလှမြို့နယ်တွင်ရှိသော သမဝါယမအသင်းအရေအတွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ်/ မြို့ | သမဝါယမ အသင်းပေါင်း | သမဝါယမ အသင်းစုပေါင်း | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်းလှမြို့နယ် | ၁၁၀ | ၁ | |
| မြို့နယ်ချုပ် | | ၁၁၀ | ၁ | |

**စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အဦများ**

၃၄။ ကျွန်းလှမြို့နယ်တွင်ရှိသော စီးပွားရေးဆိုင်ရာအခြေခံ အဆောက်အဦများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**(က) ကုမ္ပဏီ၊ကုန်စည်ဒိုင်၊ပွဲရုံများ၊ဈေးနှင့်ကုန်တိုက်များ**

**(၁) ကုမ္ပဏီများ**

| စဉ် | ကုမ္ပဏီအမည် | ဆောင်ရွက် သည့်လုပ်ငန်း | တည်နေရာ |
|---|---|---|---|
| ၁ | လင်းရောင်ဝင်း | အင်ကြင်းကျောက်လုပ်ငန်း | သစ်ရာမြိုင် |
| ၂ | ကျွန်းလှရွှေညီကို ကုမ္ပဏီ | ကျောက်ခွဲစက် | အင်ကြင်းမြိုင် |
| ၃ | ဦးစက်ဟန် | ကျောက်ခွဲစက် | အင်ကြင်းမြိုင် |
| ၄ | ဦးထွန်းနိုင် | ကျောက်ခွဲစက် | အင်ကြင်းမြိုင် |

## (၂) ကုန်စည်ဒိုင်များ

| စဉ် | မြို့နယ်/မြို့ | ကုန်စည်ဒိုင်အမည် | ရောင်းဝယ်သည့်ပစ္စည်းများ | တည်နေရာ |
|---|---|---|---|---|
| ၁ | ကျွန်းလှမြို့နယ် | မရှိပါ။ | | |
| မြို့နယ်ချုပ် | | | | |

## (၃) ပွဲရုံများ

| စဉ် | မြို့နယ်/မြို့ | ပွဲရုံအမည် | ရောင်းဝယ်သည့်ပစ္စည်းများ | တည်နေရာ |
|---|---|---|---|---|
| ၁ | ကျွန်းလှမြို့နယ် | ဦးဟန်ရိန်း | လယ်ယာထွက်ကုန် | ပျဉ်းမမြိုင်ရပ်ကွက် |
| ၂ | ကျွန်းလှမြို့နယ် | ဦးမောင်ရွှေ | လယ်ယာထွက်ကုန် | ပျဉ်းမမြိုင်ရပ်ကွက် |
| ၃ | ကျွန်းလှမြို့နယ် | ဦးသိန်းလွင် | လယ်ယာထွက်ကုန် | သစ်ရာမြိုင်ရပ်ကွက် |
| ၄ | ကျွန်းလှမြို့နယ် | ဖြိုးမောင် | လယ်ယာထွက်ကုန် | ပျဉ်းမမြိုင်ရပ်ကွက် |
| ၅ | ကျွန်းလှမြို့နယ် | ဦးတင့်လွင်ဦး | လယ်ယာထွက်ကုန် | သစ်ရာမြိုင်ရပ်ကွက် |
| ၆ | ကျွန်းလှမြို့နယ် | ဦးမောင်မောင် | လယ်ယာထွက်ကုန် | ပျဉ်းမမြိုင်ရပ်ကွက် |
| ၇ | ကျွန်းလှမြို့နယ် | ဦးစံပေါ် | လယ်ယာထွက်ကုန် | သစ်ရာမြိုင်ရပ်ကွက် |
| ၈ | ကျွန်းလှမြို့နယ် | ဦးကံထွန်း | လယ်ယာထွက်ကုန် | သစ်ရာမြိုင်ရပ်ကွက် |
| ၉ | ကျွန်းလှမြို့နယ် | ဦးလှကြိုင် | လယ်ယာထွက်ကုန် | ပျဉ်းမမြိုင်ရပ်ကွက် |
| ၁၀ | ကျွန်းလှမြို့နယ် | ဦးအောင်မြင့် | လယ်ယာထွက်ကုန် | ပျဉ်းမမြိုင်ရပ်ကွက် |
| ၁၁ | ကျွန်းလှမြို့နယ် | ဦးကံစိန် | လယ်ယာထွက်ကုန် | ပျဉ်းမမြိုင်ရပ်ကွက် |
| ၁၂ | ကျွန်းလှမြို့နယ် | ဦးသန်းလွင် | လယ်ယာထွက်ကုန် | ပိတောက်မြိုင်ရပ်ကွက် |
| ၁၃ | ကျွန်းလှမြို့နယ် | ဦးမောင်ဦး | လယ်ယာထွက်ကုန် | ပျဉ်းမမြိုင်ရပ်ကွက် |
| ၁၄ | ကျွန်းလှမြို့နယ် | ဦးခင်ဇော် | လယ်ယာထွက်ကုန် | ပိတောက်မြိုင်ရပ်ကွက် |
| မြို့နယ်ချုပ် | | ၁၄ | | |

## (၄) ဈေးများ

| စဉ် | မြို့နယ်/မြို့ | ဈေးအမည် | တည်နေရာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်းလှမြို့နယ် | မြို့မဈေး | ပျဉ်းမမြိုင်ရပ်ကွက် | |
| ၂ | ကျွန်းလှမြို့နယ် | သစ်ရာမြိုင်ဈေး | သစ်ရာမြိုင်ရပ်ကွက် | |
| ၃ | ကျွန်းလှမြို့နယ် | ပိတောက်မြိုင်ဈေး | ပိတောက်မြိုင်ရပ်ကွက် | |
| ၄ | ကျွန်းလှမြို့နယ် | တပင်ရွှေထီး တိုက်တန်း | သစ်ရာမြိုင်ရပ်ကွက် | |
| မြို့နယ်ချုပ် | | ၄ | | |

## (၅) ကုန်တိုက်များ

| စဉ် | မြို့နယ်/မြို့ | ကုန်တိုက်အမည် | တည်နေရာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်းလှမြို့နယ် | မရှိပါ | | |
| မြို့နယ်ချုပ် | | | | |

## (၆) ဘဏ်များ

| စဉ် | မြို့နယ်/မြို့ | ဘဏ်အမည် | အစိုးရပိုင် | ပုဂ္ဂလိကပိုင် | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ကျွန်းလှမြို့နယ် | မြန်မာ့စီးပွားရေးဘဏ် | ၁ | - | ၁ |
| ၂ | ကျွန်းလှမြို့နယ် | ကမ္ဘောဇရတနာဘဏ် | - | ၁ | ၁ |
| မြို့နယ်ချုပ် | | ၂ | ၁ | ၁ | ၂ |

